ပေါက်တောရိုးကျေးရွာ
သခွတ်ကုန်းကျေးရွာအုပ်စု
သုံးခွမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပေါက်တောရိုးကျေးရွာ၊ သုံးခွမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ဒီဇင်ဘာ လ

မာတိကာ

မာတိကာ ၁

စကားချီး ၅

ပေါက်တောရိုးကျေးရွာသယံဇာတပြဖြေပုံ၊ သုံးခွဖြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် **၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်မှီအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၈

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၁၉

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၀

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၁

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၂

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၃

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၄

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၅၉
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၀
ကိုးကားစာရင်း ၇၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း


အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပေါက်တောရိုးကျေးရွာ

သုံးခွမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော

ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သတ်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေ ကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ် သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပေါက်တောရိုးကျေးရွာသည် နံယော-ရေပေါ်ကန်-ရှမ်းစု ဆက်သွယ်ရေးလမ်းမှတစ်ဆင့် သခွတ်ကုန်းကျေးရွာသို့ ရောက်ရှိပါသည်။ အုပ်ချုပ်ရေးရုံးဆိုက်ရာသုံးခွမြို့နှင့် (၃)မိုင်ခန့်ဝေး၍ ကျေးရွာရုံးစိုက်ရာနံယောကျေးရွာနှင့် (၅)မိုင်ခန့်အကွာအဝေးတွင် တည်ရှိပါသည်။ ပေါက်တောရိုး ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းကိုအဓိက လုပ်ကိုင်ကြပါသည်။ မိုးတွင်းအခါ မိုးစပါးစိုက်ပျိုး၍ ဆောင်းရာသီတွင် ပဲတီစိမ်းကို အဓိက စိုက်ပျိုးပါသည်။ ဒေသ၏မိုးရေချိန်မှာ (၈၀)မှ (၁၀၀) ရာခိုင်နှုန်းအတွင်းရှိ သောကြောင့် စိုက်ပျိုးရေး လုပ်ငန်းအတွက် အဆင်ပြေပါသည်။ တစ်ခါတစ်ရံမှာ မိုးရေချိန်နှင့် အချိန်အခါမဟုတ် မိုးရွာသွန်း မှုကြောင့် ပဲများ ပျက်စီးတက်ပါသည်။

(ခ) သဘာဝအရင်းအမြစ်

စိုက်ပျိုးမြေ(၅၀)ကေခန့် ရှိပြီး မိုးစပါးအပြည့်အဝစိုက်ပျိုးနိုင်သည့်အပြင် နွေရာသီ အခါတွင် ပဲတီစိမ်းကိုလည်း အပြည့်အဝစိုက်ပျိုးနိုင်ပါသည်။ မြေဩဇာမှ အလတ်စား အဆင့်ရှိပြီး သဘာဝသယံဇာတမထွက်ရှိပါ။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၉၆) စုရှိပြီး ကျား(၁၆၈)၊ မ(၂၃၄)ဦးဖြင့် လူဦးရေပေါင်း (၄၀၂)ဦး ရှိသည်။ ကျေးရွာတွင် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာကိုးကွယ်ကြ၍ ဗမာလူမျိုးနှင့် ဟိန္ဒူလူမျိုးများ နေထိုင်ကြသည်။ အလုပ်လုပ် ကိုင်နိုင်သည့် အရွယ် လူငယ်အမျိုးသား၊ အမျိုးသမီးများ ထက်ဝက် ခန့်ရှိသဖြင့် လူသားအရင်းအမြစ် ကောင်းများဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြား ပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည်လယ်သမားများမှာစိုက်ပျိုးရေးဖြစ်ပြီး အိမ်ထောင်စု(၉၆)စုလျှင် လယ်ယာလုပ်ကိုင်သူ (၃၀)ဦးသာရှိပြီး ကျန်ရှိသောဦးရေမှာ လယ်ယာမဲ့များဖြစ်ကြ၍ အလွန်ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြသည်။

ယင်းတို့အနက် အဆင်းရဲဆုံးရှိသော အိမ်ထောင်စုသည် ကျေးရွာတွင်(၁၀%)သည် မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ လယ်ကူလီများနှင့် မြေယာမဲ့များ ဖြစ်ကြသည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုရှိသော်လည်း အလယ်အလတ် အိမ်ထောင်စုများ ဖြစ်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များရှိသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း နေ့စားလုပ်ငန်း၊ ကျပန်းလုပ်ငန်း၊ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများနှင့် တနိုင်တပိုင်မွေးမြူရေးလုပ်ငန်း များတွင် အလုပ်အကိုင် ရှာဖွေ ရရှိနိုင်ကြပါသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စု များ၏ (၁၀%) ဖြစ်သော အိမ်ထောင်စုများကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ (၆၀%) မှာ ချေးငှား လုပ်အားခကြိုထုပ်ပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း (၃၀%) မှာ သူတပါးထံမှ ချေးငှား စားသုံးမှ နပ်မှန် စားသုံးနိုင်ကြောင်း တွေ့ရှိရပါသည်။ကျန်သော (၁၀%)မှာလည်း သူတစ်ပါးထံမှ ချေးငှားယူရခြင်းဖြင့် ထမင်းနပ်မှန်စားသုံးနိုင်ကြောင်း တွေ့ရှိရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှု ရှိကြပါသည်။ ကလေးငယ်အများစုသည်လည်း ကျန်းမာကြသည်။ ကျန်းမာရေး အသိပညာများ လည်း အထိုက်အလျောက် ရှိကြသည်။အခြေခံကျန်းမာရေး အသိအမြင်များရှိကြသည်။ အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင်ရရှိနိုင်ပြီး ကျန်းမာရေးလုပ်သား နှင့်အရန်သားဖွားရှိသဖြင့် ၄ကဖျားရောဂါရှိနှင့်တီဘီရောဂါ ဖြစ်နိုင်ချေရှိသော ရွာသားများအား ကျန်းမာရေးစစ်ဆေးမှုကိုအကူအညီရပါသည်။ မြို့နယ်ဆေးရုံသည် (၃)မိုင်ခန့်ကွာဝေးပြီး အလွယ်တကူ ကျန်းမာရေးအတွက်အထောက်အကူရပါသည်။ မြို့နယ်ဆေးရုံဆေးဆိုင်များနှင့် လည်း နီးစပ်ပါသည်။

(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် စာမတတ်မြောက်သူမရှိပါ။ ကျေးရွာအတွင်းတွင် စာသင်ကျောင်းမရှိပါ။ ကျေးရွာအုပ်စုကွဲ ပေါက်တောရိုးရွာမနှင့် ချောင်းငယ်လေးသာခြားပြီး နယ်နမိတ်ထိစပ်သော ကျေးရွာခွဲဖြစ်သည့်အတွက် ပေါက်တောရိုးရွာမတွင် မူလတန်း ကျောင်းရှိပါသည်။ အလယ်တန်း၊ အထက်တန်းကျောင်းများမှာလည်း (၁)မိုင်ခန့်ကွာဝေးသော ရေပေါ်ကန်ကျေးရွာသို့ သွားရောက်ပညာသင်ကြားရပါသည်။ သွားလာရာတွင်လွယ်ကူပြီး ပညာရေးအခြေအနေမှာအသင့်အတင့်ကောင်းမွန်မှုရှိပါသည်။

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု နှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင် သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေး အရေအတွက်နှင့်ကွာခြားမှုမရှိဘဲ၊ အလယ်တန်းနှင့်အထက်တန်းများတွင် ကျားအရေအတွက်နှင့် မအရေအတွက်မှာကွာခြားမှု အနည်းငယ်ရှိပြီး အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာအမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခ များမှာအမျိုးသားများက ပိုမိုရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းသည်။ ကျား-မတန်း တူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာ နိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့(၂)ဖွဲ့ရှိပြီး ၊ လူငယ်အဖွဲ့ဖြစ်ကြသည်။ ကဏ္ဍအလိုက် ဆောင်ရွက်မှုများရှိကြသည်။ ထိုအဖွဲ့သည် ကျေးရွာ၏ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများတွင် မိမိတို့ တက်စွမ်းသည့် အသိပညာ၊ ဗဟုသုတများဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ အဖွဲ့အစည်း၏ စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုများ ပိုမိုကောင်းမွန်လာနိုင်သည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့်ပဲကို အဓိကအားထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၅၀)ဧကရှိပြီး၊ပဲတီစိမ်း (၅၀)ဧက စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှ အထွက်နှုန်းမှာ တစ်ဧက (၅၀)တင်းထွက်ရှိပြီး ပဲတီစိမ်း (၁)ဧက ပျဉ်းမျှ (၁၅)တင်း ရှိပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများရရှိပါသည်။ စိုက်ပျိုးရေးပစ္စည်းရောင်းသော ကုမ္ပဏီအချို့မှ စိုက်ပျိုးရေး နည်းပညာများ လာရောက်ပို့ချမှုရှိသည်။ တောင်သူလက်သမားအများစုမှာ လုပ်ငန်းခွင်အတွက် အလုပ်သမားငှားရမ်းခရရှိနိုင်ပြီး ကုန်ကျစရိတ်မြင့်မားသည်။ အလုပ်သမားရှားပါးမှုကြောင့် လုပ်အားခမြင့်တတ်မှုကို ကျော်လွှားနိုင်ရန်အတွက် စပါးစိုက်ပျိုးရာတွင် တိုက်ရိုက်မျိုးစေ့ချကျဲပတ်စနစ်ကို အသုံးပြုကြသည်။ ပဲတီစိမ်းစိုက်ခင်း များတွင် ဖြတ်ပိုးကျရောက်မှု ပိုမိုတွေ့ရှိရပြီး ယင်းဖြတ်ပိုးများသည် ပိုးသတ်ဆေး ယဉ်ပါးလာကာ ထိရောက်သော ဖြတ်ပိုးနှိမ်နင်းရေး နည်းစနစ်ကို လိုလားနေကြသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူမရှိပါ။အခြားဝင်ငွေရလုပ်ငန်း များမှာ နွေစားအလုပ်၊ ဆိုင်ကယ်ကယ်ရီစျေးရောင်း၊ အထည်ချုပ်စက်ရုံတို့တွင် လုပ်ကိုင်ကြသည်။ အခြားလုပ်ငန်များအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ် ဖြစ်သည်။ ကိုယ်ပိုင်လုပ်ငန်း ထူထောင်ရန် မတတ်နိုင်ကြချေ။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် ဆောင်းသီးနှံအဖြစ် ပဲတီစိမ်းစိုက်ပျိုးကြသည်။ သီးနှံဖျက်ပိုးများ ကျရောက်ခြင်းကြောင့် ဓါတုပိုးသတ်ဆေးများ သုံးစွဲလာပါသည်။ ကာလကြာသည် နှင့်အမျှမြေဆီလွှာများ ပျက်စီးလာသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး နည်းပညာများ လက်တွေ့ကွင်းဆင်းဆောင်ရွက် အကောင်အထည်ဖော်မှသာ ပို၍အဆင်ပြေလိမ့်မည်။ စွန့်ပစ်ပစ္စည်း၊ စီမံခန့်ခွဲမှု

တွင်လည်း ပလပ်စတစ်ဘူးခွံများ၊ ကြွပ်ကြွပ်အိတ်များ၊ ပုလင်းခွံများကို စနစ်တကျမစွန့်ပစ်ကျသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်ပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် စိုက်ပျိုးရေးဘဏ်မှ ချေးငွေကို တစ်နှစ်အတိုးနှုန်း ဖြင့်(၁)ဧက (၁)သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧကအထိသာ ချေးယူနိုင်ကြသည်။ (၁၀)ဧက ကျော်ရှိသော လယ်သမားများမှာ ပိုသည့်ဧကအတွက် ချေးငွေထုတ်ယူမရနိုင်သည့်အတွက် စိုက်ပျိုးစရိတ် အခက် အခဲရှိကြသည်။ ချေးငွေပြန်ဆပ်ချိန်တွင် စပါးများကို လျော့ဈေးဖြင့် ရောင်းချရသည်။ထိုအခါ စပါးဈေးကျနေသည်။ ထို့ကြောင့်အကျိုးအပြည့်အဝ မခံစားရချေ။ စိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာများကို အပြင်ဆိုင်များမှ အတိုးကြီးစွာ ပေးဝယ်ရသည်။ စိုက်ပျိုးရေးအတွက် သက်ဆိုင်ရာဌာနများမှ ပံပိုးမှုများလည်းရှိပါသည်။ ကျန်းမာရေး၊ပညာရေး၊ စားဝတ်နေရေး တို့အတွက် ကျေးရွာတွင် ချေးငွေပိုမိုလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာ၏ အလယ်တွင် အလျား၄၀ပေ၊အနံ၃၀ပေနှင့် အမြင့် ၁၅ပေနှင့် အလျား ၆၀ပေ ရှိမူလတန်းကျောင်းဆောင်(၁)စောင် ရှိပါသည်။ သွပ်မိုး၊အုတ်နံရံကာနှင့် အင်တေအခင်းကျောင်း ဆောင် ဖြစ်ပါသည်။ ကျောင်းတွင်ပရိဘောဂလုံလောက်မှုမရှိပါ။ အလယ်တန်းနှင့် အထက်တန်း ပညာရေးအတွက် (၁)မိုင်ကွာဝေးသော ရေပေါ်ကန်ကျေးရွာသို့ သွားရောက် သင်ယူကြရသည်။ ကျောင်းခြံစည်းရိုးလည်း ရှိပါသည်။ အခမဲ့ ပညာရေးစနစ်ကြောင့် ကျောင်းဝင် ကြေးမပေးရဘဲ စာရေးကိရိယာများကို အခမဲ့ကူညီမှုရရှိသည်။

ကျေးရွာတွင်းကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့်ရေပေါ်ကန်ကျေးရွာတွင်ရှိပါသည်။ ယင်လုံအိမ်သာအတွက် တတ်နိုင်သူများက သစ်သားနှင့် ဆောက်လုပ်ပြီးဆင်းရဲသူများကဒေသထွက်ပစ္စည်းဖြင့် ဆောက်လုပ် ထားကြပါသည်။ အများသုံး သောက်သုံးရေကန်(၁)ကန်ရေလုံလောက်မှုရှိကြသည်။ ရေနှင့်ပတ်သက်သော ဆက်စပ် ဖြစ်သော ရောဂါများ ဖြစ်ပွားမှုနည်းသည်။ သောက်သုံးရေကန်များကို ခြံစည်းရိုးကာရံခြင်းမရှိ၍ ခြံစည်း ရိုးကာရံရန် လိုအပ်နေသေးသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များ အပန်းဖြေအနားယူရန်သီးသန့်မရှိပါ။ (ဥပမာ - ပန်းခြံ၊ အားကစားကွင်း၊ စာကြည့်တိုက်) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်လုပ်ငန်းသီးသန့် မရှိကြ သေးပါ။

(ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်းကိုယ်ထူကိုယ်ထမြေသားလမ်း(၁)လမ်းရှိပြီး ရွာကိုတောင်နှင့်မြောက် ဆက်သွယ်ထားသည့် လမ်းဖြစ်ပါသည်။ မြေသားလမ်းဖြစ်သည့်အတွက် မိုးရာသီတွင် သွားလာရန်ခက်ခဲပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပါ။ ကျေးရွာလူထုသည် ဆက်သွယ်ရေးအနေဖြင့် မိုဘိုင်းဖုန်းကို အသုံးပြုကြရသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှု မရှိပါ။ တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ မိုင်ဘိုင်းဖုန်း အသုံးပြုမှုကြောင့် သတင်းအရင်းအမြစ်များ လိုအပ်သလို ဆက်သွယ်သိရှိရပါသည်။သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် ကာကွယ်ရေး အတွက်အစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။လုံခြုံရေးအတွက်ထုံးကြိုးကျေးရွာနှင့် သုံးခွမြို့များမှ လုံခြုံရေး အလွယ်တကူချိတ်ဆက်နိုင်သည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင်လူဦးရေအားလုံး၏(၄၀)ဦးသည်အလုပ်လုပ်နိုင်သောအရွယ်များဖြစ်ကြသည်။အ လယ်တန်းနှင့်အထက်တန်းပညာရေးပြီးဆုံးသူလူဦးရေ (၅)ဦးရှိပြီး အသက်မွေးဝမ်းကျောင်းသင် တန်းများကိုလူငယ်များကိုလေ့ကျင့်သင်ကြားပေးခြင်းဖြင့်လူသားအရင်းအမြစ်များတိုးတက်ကောင်းမွ န်စေနိုင်မည်ဖြစ်သည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာယေဘူယျအားဖြင့်ကောင်းမွန် ပါသည်။ ကျေးရွာသားများအတွက်စိုးရိမ်ရသာဆေးဝါးကုသမှု များအတွက်လည်း သုံးခွမြို့နယ်နှင့် သန်လျင်မြို့များမှ ဆေးရုံသို့သွား ရောက်ပြီးဆေးကုသမှုများခံယူနိုင်သည်။ ကျေးရွာရှိ စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာလက်ရှိ ပညာရေးအနေအထားအတွက် အသင့်အတင့် ကောင်းမွန်ရုံရှိပြီး လိုအပ်မှုများရှိနေပါသေးသည်။ မှုခင်းဖြစ်ပွားမှု မရှိ၍ အေးချမ်းပြီး ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြား သယံဇာတများမထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင်အားစိုက်ရပေမည်။ယင်းအတွက်လယ်ယာသုံးပစ္စည်းများ၊ မျိုးကောင်းမျိုး သန့်နှင့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာများလိုအပ်နေပါသည်။ပဲတီစိမ်း စိုက်ပျိုးရာတွင်ပိုးမွှား ကျရောက်မှုကို ကာကွယ်နှိမ်နင်းရန် နည်းပညာပံ့ပိုးမှု အားနည်းသည်။ ကျေးရွာတွင် အခြားသော မြို့ပေါ်နှင့် နီးစပ်ရာများမှ ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားမှု ရှိသည် ဘဏ်များ မှကျေးရွာအရောက်ဝန်ဆောင်မှုပေးသော စနစ်မရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ ရရာထံမှအတိုးနှုန်း ကြီးမြင့်စွာဖြင့် ရှာဖွေ သုံးစွဲရသည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့်အလုပ်အကိုင်နှင့် ဝင်ငွေ ပုံမှန်ရရှိ ရေး အတွက် အကန့်အသတ် ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

(က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်း လာစေရမည်။

(က.၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာ များနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာ သင်တန်းများ တက်ရောက်နိုင် ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ သင်တန်းတက် ထားသူများကတဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင် ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

(ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(ခ.၃) ကျေးရွာတွင် ကျောင်းနေအရွယ် ကလေးငယ်များ၏အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာန နှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မ ခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

(ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာသောက်သုံးရေကန်များတိုးတက်ကောင်းမွန်လာစေရေးအတွက်ဆောင်ရွက်သွားမည်။ကျေးရွာအဆောက်အဦးများကို ကာလရှည်သုံးစွဲနိုင်ရေးအတွက် စီမံခန့်ခွဲမှု၊ထိန်းသိမ်းစောင့်ရှောက်မှုများကိုလည်း အဖွဲ့အစည်းဖွဲ့၍ဆောင်ရွက်သွားကြမည်။ ကျေးရွာ၏လူမှုအဖွဲ့အစည်းများကိုလည်းကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန်ခေါင်းဆောင်မှု စွမ်းရည်များ ပိုမိုတိုးတက်မှု ရရှိအောင်ကြိုးစား၍ တိုက်တွန်းအားပေးပါမည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

နိုင်ငံတော်အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာန များနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန် ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် စပါးအပြင် ပဲတီစိမ်းကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုး ထိရောက်စွာနှိမ်နှင်းရေး အတွက် နည်းစနစ်ရရှိရေး လိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများမရရှိပါ။ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်း ဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ် ဆေးအချို့ကို ခံနိုင်စွမ်း ရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု စိတ်ဖိစီးမှုဖြစ်စေသည်။ နည်းပညာ အသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နှင်းရေးနည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီး ဌာနမှလည်း ကူညီဆောင်ရွက်သင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေ လိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသောကြောင့် မြို့နယ် သမဝါယမအသင်းက လိုအပ်သော ရွာသူ/သားများအတွက်ချေးငွေ အစီအစဉ်ကို ဆောင်ရွက်သင့်ပါသည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း) အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှ သည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု

အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

(c) ကျေးလက်ဈေးဆောက်လုပ်ရေး

ကျေးရွာတွင် ယာယီဈေးမရှိပါ။ အိမ်ဆိုင်များသာ ရှိပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံခန့်ချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification) ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifi - cation) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

စဉ်	စီမံချက် (Project)	ဦးစားပေးအဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁					
၂	သောက်သုံးရေကန်များပြန်လည်ပြုပြင်ရေး	၂					

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း			
			သာမာန်အသုံးစရိတ်	ငွေလုံးငွေရင်း အသုံးစရိတ်		လူသားချင်းစာနာထောက်ထားမှု
				ငွေလုံးငွေရင်း အသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း					
၂	သောက်သုံးရေကန်များပြန်လည်ပြုပြင်ရေး					

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက် နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည် အသွေး ကောင်းမွန်တိုး တက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်းအဆင့်မြှင့် ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီ များ ရယူရပါမည်။

(ဂ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများ ထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်း သွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်း ဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက် ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို(၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ် စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်းများ ဖြစ်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာ တိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထား ဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီး နိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးေအဖွဲ့ အစည်းများ စသည်တို့ ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့

နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ
(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ်အောက်	နို့စို့အရွယ်	၈	၇	၁၅
၁ နှစ်မှ ၄နှစ်	၅ နှစ်အောက်ကလေးငယ်	၂၃	၂၅	၄၈
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၅	၂၅	၅၀
၁၀ နှစ်အထက်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၉၀	၁၅၆	၂၄၆
၁၅ နှစ်အထက်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၇	၂	၉
၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၅	၁၉	၃၄
စုစုပေါင်း		၁၆၈	၂၃၄	၄၀၂
စုစုပေါင်း အိမ်ထောင်စု		၉၆		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် လေ့လာတွေ့ရှိချက်အရ နို့စို့အရွယ်ကလေးများနည်းပါးလာသည်ကိုတွေ့ရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာ သက်မှတ်ချက်မှာ အိမ်ထောင် တစ်စုလျှင် (၅)ဦး သက်မှတ်ထားသော်လည်း ကျွန်တော်တို့ကျေးရွာတွင် လူဦးရေနည်းပါးနေသည် ကိုတွေ့ရပါသည်။ ၄င်းတွေ့ရှိချက်အရ အလုပ်လုပ်ကိုင်နိုင်သည့် လူဦးရေ(၅၀၃)ရှိသော်လည်း အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ ဝမ်းစာဖူလုံမှုမရှိခြင်း၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အလှူအတန်းကိစ္စများအတွက် ငွေကြေးလုံလောက်စွာရရှိနိုင်မည့် ဝင်ငွေရလုပ်ငန်းများ ရှားပါးမှုများ ကြောင့် အိမ်ထောင်စုအလိုက်အမျိုးသမီးများမှာ သားသမီးရတနာများကို ကျွေးမွေးစောင့်ရှောက်ရန် အချိန်ထက်အလုပ်အကိုင်အချိန်ကိုသာ ဦးစားပေးရသောကြောင့် လူဦးရေများကျဆင်းလာသည်ကို တွေ့ရသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အားအင်

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ(ဦးရေ)	မှတ်ချက်
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	စိုက်ပျိုးစီးပွား လုပ်ငန်းများ				
၁	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
	တိရစ္ဆာန် မွေးမြူရေး				
၂	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
	ငါးဖမ်း လုပ်ငန်း				
၃	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
	သစ်တောလုပ်ငန်း				
၄	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
၅	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
	ထုတ်ကုန်လုပ်ငန်း				
၆	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၇	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
၈	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာ၊ တာရှည်ခံအိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ(ဦးရေ)	မှတ်ချက်
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐လတ်☐ နိမ့်☐

၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
၁၅	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ(ဦးရေ)	မှတ်ချက်
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ(ဦးရေ)	မှတ်ချက်
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□ နိမ့်□
	စုစုပေါင်း				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် လေ့လာတွေ့ရှိချက်အရ
ဒေသ၏အဓိကလုပ်ငန်းများဖြစ်သော လယ်ယာလုပ်ငန်းတွင် နေ့စား၊
ကျပန်းလုပ်ငန်းများလုပ်ကိုင်နေရသောကြောင့် အခြားလုပ်ငန်းများ မလုပ်ကိုင်နိုင်ပါ။ ချေးငွေဝန်ဆောင်မှုဖြင့်
လယ်ယာလုပ်ကိုင်သူများမှာလည်း သင့်တင့်သောငွေကြေးပမာဏဖြင့်သာ ချိုးခြံချွေတာစွာ သုံးစွဲရပြီး
လုံလောက်မှုမရှိပါ။ အခြားလုပ်ငန်းများမှာလည်း ရှားပါးပြီးဒေသတွင်း ကြပမ်းအလုပ်များကိုသာ
အများဆုံးလုပ်ကိုင်နေရကြောင်း တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး(ကျပ်)		အနည်းဆုံး(ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၆၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း(ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				

၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				

၆	ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၆၀၀၀	၁၀၀၀၀	၆၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း	နေ့စား				

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် လေ့လာတွေ့ရှိချက်အရ
လယ်ယာတွင်လုပ်ကိုင်နေသော နေ့စားခ ကျားမှာ (၇၀၀၀)ကျပ်၊ မမှာ(၆၀၀၀)ကျပ်သာရပါသည်။ပန်းရံ၊
လက်သမားများမှာ ကျား(၅၀၀၀)ကျပ်၊ မမှာ (၄၀၀၀)ကျပ်ရပါသည်။ ကျွမ်းကျင်ပညာရှင်များမှာ ၄င်းတို့၏
ကျွမ်းကျင်မှုကြောင့် ပိုရနိုင်ပါသည်။ သို့သော်ထိုလုပ်ငန်း များမှာ
ရာသီအလိုက်လုပ်ငန်းများသာဖြစ်သောကြောင့် ပုံမှန်၀င်မရရှိနိုင်ပါ။ ထို့ကြောင့် ၀င်ငွေမှာမပိုလျှံနိုင်ကြောင်း
လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ(ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၁၂၀၀	Â ကောင်း ☐ သင့် ☐ ညံ့ ☐
ယာမြေ/တောင်ယာမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
ဥယျဉ်ခြံမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
ခနိတောမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃)
လယ်ယာမြေစီမံခန့်ခွဲခြင်းနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ရွာတွင်
လေ့လာတွေ့ရှိချက်အရလယ်ယာမြေများမှာမြေဆီလွှာအသင့်အတင့် ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။
အဘယ်ကြောင့်ဆိုသော် မြေဩဇာသုံးစွဲနိုင်မှု နည်းပါးခြင်း၊ ဝယ်သူသုံးစွဲရန် ငွေကြေး လုံလောက်မှုမရှိ ခြင်း၊

မြေဆီလွှာထိန်းသိန်းနိုင်မှုအားနည်းခြင်းကြောင့် စပါးအထွက်နှုန်းနည်းပါးပါသည်။
မြေဩဇာကိုသင့်လျော်သော ဈေးနှုန်းဖြင့် လုံလောက်စွာသုံးစွဲနိုင်ပါက
မြေဆီလွှာအရည်အသွေးကောင်းမွန်လာပြီး စပါးအထွက်နှုန်းများတိုးလာနိုင် ပါသည်။
စိုက်ပျိုးရေးနည်းပညာလိုအပ်ချက်ကြောင့် အောင်မြင်ဖြစ်ထွန်းမှု နည်းပါး သည်ကိုတွေ့ရသောကြောင့်
စိုက်ပျိုးရေးလုပ်ကိုင်မှု နည်းပညာအားနည်းသည်ကိုတွေ့ရပါသည်။

(ဂ-၂) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား (၅) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	
သတ္တုနှင့်အခြားတွင်းထက်သယံဇာတများ(ဓါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်။)	များ☐ သင့် ☐နည်း ☐ မရှိ☑	လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ	☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ☐ သင့် ☐နည်း ☐ မရှိ☑	လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ	☐
သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ ဆေးဖက်ဝင်အပင်များ)	များ☐ သင့် ☐နည်း ☑မရှိ ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ	☐
သဘာဝတိရိစ္ဆာန်မျိုးစိတ်များ	များ☐ သင့် ☐နည်း ☐ မရှိ☑	x☐	

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်ပစ္စည်းများမရှိပါ။
သဘာဝအပင်မျိုးစိတ်များနှင့်
သဘာဝတိရိစ္ဆာန်မျိုးစိတ်များမှာလည်းအလွန်ရှားပါးလွန်းကြောင်းတွေ့ရှိရပါသည်။
အဘယ်ကြောင့်ဆိုသော်ကျွန်တော်တို့ကျေးရွာတွင်
မြေလွတ်မြေရိုင်းများအလွန်နည်းပါးသောကြောင့်ဖြစ်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း(သို့)မရှိ

အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား(ဝင်ငွေ) အလွန်ကောင်း	စီးပွား(ဝင်ငွေ) အလွန်ကောင်း	စီးပွား(ဝင်ငွေ) နည်း	စီးပွား(ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု				

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း

